ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ကျောက်တန်းမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း (ဒုတိယနှစ်စက်ဝန်း)

# National Community Driven Development Project (NCDDP)



ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
Village Development Plan (VDP)
ရွှေပြည်သစ်ကျေးရွာ၊ ကုလားတန်းကျေးရွာအုပ်စု

၂၀၁၈ ခုနှစ် ကျောက်တန်းမြို့

မာတိကာ


၁။ကျောက်တန်းမြို့နယ်မြေပုံ ........................................ 2

၂။ကုလားတန်းအုပ်စုမြေပုံ ........................................ 3

၃။ကျေးရွာအုပ်စုတွင်ပါဝင်သောကျေးရွာစာရင်းနှင့် ကျေးရွာသမိုင်းကြောင်း ........................................ 4

၄။ကျေးရွာအခြေခံအချက်အလက်များ ........................................ 6

၅။လူထုပူးပေါင်းပါဝင်သောလူမှုဆန်းစစ်ခြင်းနှင့်အကဲဖြတ်ခြင်းလုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ် ................ 7

၆။ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အတွက်အသုံးပြုခဲ့သော PRA tools များနှင့်တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ .. 8

၇။ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ ................. 23

၈။ကျေးရွာကော်မတီဝင်များစာရင်း........................................ 26

၉။ပုံစံ-၁။ကျေးရွာအချက်အလက်........................................ 27


၁၀။ပုံစံ-၃။ကျေးရွာဖွံ့ဖြိုးရေးဦးစားပေးအစီအစဉ် ........................................ 30

၁၁။အစည်းအဝေးမှတ်တမ်းများ ........................................ 33


၁၂။ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)........................................ 36

## ၁။ ကျောက်တန်းမြို့နယ် မြေပုံ

ကျောက်တန်းမြို့နယ်ရှိ ကျေးရွာများ အခြေပြမြေပုံ



## ၂။ ကုလားတန်းကျေးရွာအုပ်စုမြေပုံ



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာများ

၁။ကုလားတန်းကျေးရွာ

၂။ တော်ကလုပ်ကျေးရွာ

၃။ ရွှေပြည်သစ်ကျေးရွာ

၄။ သံတဲကျေးရွာ

## ၄။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ကုလားတန်းကျေးရွာအုပ်စု၊ ဂါးတဲစုကျေးရွာ (ခ) ရွှေပြည်သစ်ကျေးရွာ ကျောက်တန်းမြို့နယ်နှင့် ၁၃မိုင် ၄ ဖာလုံကွာဝေးပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် ကရင်ချောင်ကျေးရွာ၊ မြောက်ဘက်တွင် ကုလားတန်းကျေးရွာ၊ အနောက်ဘက်တွင် သံတဲကျေးရွာ၊ တောင်ဘက်တွင် မုတ္တမ ပင်လယ်ကွေ့တို့နှင့် နယ်နမိတ်ဆက်စပ်လျှက်ရှိပါသည်။ ကျေးရွာသည် လွန်ခဲ့သော ၁၉၇၂ နှစ်က ပင်လယ်ပြင်တွင် ဝါးများနှင့် တံငါလုပ်ငန်းလုပ်စားသည်ကို ဂါးလုပ်ငန်းဟု ခေါ်ဝေါ်ကာ ဂါးလုပ်ငန်းလုပ်ကိုင်သူ ၅ ဦးနှင့် ကျားပိုက်လုပ်ငန်း လုပ်ကိုင်သူ ၅ ဦး စုစုပေါင်း ၁၀ ဦး နှင် ၁၀ တဲဖြင့် စတင်ကာ ဂါးတဲရွာကလေးတည်ခဲ့ပါသည်။ ၁၉၇၃ ခုနှစ်၌ ၃ ပေခန်းပွင့် ဝါးလေးများဖြင့် ဆောက်ထားသော တံငါဂါးတဲ ၁၀ တဲလုံးရှိပြီး ကလေးများကို မိဘများ ပညာသင်ကျားပေးခဲ့ပုံမှာ ကုလားတန်းကျေးရွာမှ ဆရာတစ်ဦးဖြစ်သည့် ဦးဟန်ဝင်းကို ကိုယ်ထူကိုယ်ထ စုပေါင်း၍ မိဘများမှငှားပြီး ပညာသင်ကြားပေးခဲ့ပါသည်။ ထို့နောက် နှစ်များကြာလာသောအခါ ကျောင်းသားမိဘများက ကျေးရွာအတွင်း မူလတန်းအဆင့်မှီ သွပ်မိုး၊ ပျဉ်ကာ၊ ပျဉ်ခင်း၊ ကျောင်းလေးတစ်လုံးကို တည်ဆောက်ခဲ့ပါသည်။ မူလတန်းကျောင်းလေးမှာ ၂၀၀၈ ခုနှစ်တွင် တိုက်ခိုက်သော နာဂစ်မုန်တိုင်းဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့ပါသည်။ မုန်တိုင်းဒဏ်ကြောင့် တစ်ရွာလုံးပျက်စီးကာ ကျေးရွာအတွင်း ဘုန်တော်ကြီးကျောင်းတစ်ကျောင်းသာကျန်ခဲ့ပါသည်။ မုန်တိုင်းဒဏ် ခံရပြီးနောက် အဆင့်မှီ သွပ်မိုး၊ အုပ်ကာ၊ ကျောင်းတစ်ကျောင်း တည်ဆောက်ပေးခဲ့ပြီး ကျောင်းသားများအနေ အထိုင်ကျဉ်းကြပ်သောကြောင့် ကျေးရွာလူထုမှ သွပ်မိုးထရံကာကျောင်းတစ်ကျောင်း တည်ဆောက်ခဲ့ကြသည်။ ကျေးရွာတွင် မူလတန်းကျောင်း နှစ်ကျောင်းရှိခဲ့ပါသည်။ ကျေးရွာတွင်နေထိုင်သော ရွာသူ/သားများသည် ပင်လယ်ပြင်အတွင်း တံငါလုပ်ငန်းဖြင့် အသက်မွေးဝမ်းကြောင်းပြုသူများဖြစ်သည်။ ယခုအခါတွင် ကျေးရွာ၌ လူဦးရေ ၁၀၅၂ ယောက်နှင့် အိမ်ထောင်စု ၃၀၆ စု ရှိပါသည်။ အိမ်ခြေအနေဖြင့် ၂၅၂ အိမ်ရှိပါသည်။ ကျေးရွာတွင် ၁၉၉၂ ခုနှစ်တွင် ကုလားတန်းကျေးရွာ ဗုဒ္ဓဝိဟာရ ကျောင်း ဦးဣန္ဒာသက္က နှင့် ရွာလူထု ဝိုင်းဝန်း၍ ဘုရားတစ်ဆူတည်ခဲ့ပါသည်။ ဘုရားကြီးတည်ခဲ့ပုံမှာ မိုးပေါ်မှ မိုးပျံပူးပေါင်းကျလာသောအခါ စာတစ်စောင်ပါလာခဲ့ပါသည်။ ထိုစာကိုဖတ်ကြည့်သောအခါ ပူပေါင်းများ ကျလာသောအခါ ကျသောနေရာတွင်ဘုရားတည်ပေးမည်ဟု စာတွင်ပါလာပြီး တွေ့ဆုံရမည့်ပုဂ္ဂိုလ်များမှာ စာထဲတွင် ရန်ကုန်မြို့အတွင်းတည်ထားသော ဆူးလေဘုရား၏ ဘုရားလူကြီးအငြိမ်းစား ဗိုလ်မှူးကြီးသာရင်နှင့်

တွေ့ဆုံရမည်ဟုပါလာ၍ ဂါးတဲစုကျေးရွာမှ ကြီးကဲသော လူကြီးများမှ သွားရောက်တွေ့ဆုံကာ ဆူးလေဘုရား၏ ဘုရားလူကြီး အငြိမ်းစား ဗိုလ်မှူးကြီးသာရင်နှင့် သွာရောက်တွေ့ဆုံ ၍ ၁၉၉၂ ခုနှစ်တွင် ဘုရားကြီးကို ကျေးရွာ အတွင်းတွင် စ၍တည်ခဲ့ပါသည်။ ဂါးတဲစုကျေးရွာမှ ကျေးရွာလူထု နှင့် ပူးပေါင်း၍ ဆူးလေဘုရား၏ ဘုရားလူကြီးအငြိမ်းစား ဗိုလ်မှူးကြီးသာရင်က စိန်ကုလား၊ မြကုလားဆိုင်းဖြင့် ထီးတော်တင်ခဲ့ပါသည်။ ဘုရား၏ ဘွဲ့တော်မှာ စကြာရှင် အဏ္ဏဝါမုနိ ဆုတောင်းပြည့်စေတီဖြစ်ပါသည်။ ဘုရား၏ ညာဏ်တော်မှာ ၂၅ တောင်ရှိပါသည်။ ဂါးတဲကျေးရွာမှ ရွှေပြည်သစ်ကျေးရွာဟုပြောင်းလဲပေးခဲ့သော ဘုန်တော်ကြီးမှာ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်အရှေ့ပိုင်း၊ ရွာသစ်ကြီးရပ်ကွက်၊ ရွှေမေတ္တာ မဟာစည်ကျောင်းတိုက်၊ ရွှေမေတ္တာဆရာတော် ဒေါက်တာ အရှင်ဝဏ္ဏိသာရသည် တရားစခန်းများလာရောက် ဖွင့်လှစ်၍ ရွှေပြည်သစ်ကျေးရွာဟု ရွာ၏ အမည်ကိုပြောင်းလဲပေးခဲ့ပါသည်။ ရွှေပြည်သစ်ကျေးရွာဟု အမည်တွင်ခဲ့သည်မှာ ၉ နှစ် တိတိရှိခဲ့ပါသည်။ ကျေးရွာအတွင်း တရားစခန်းပွဲများ ပြုလုပ်သည်မှာလည်း (၉)နှစ်တိတိ ရှိခဲ့ပါသည်။ ကျေးရွာအတွင်းသောက်သုံးရေကန် ၄ကန်ရှိပါသည်။

## ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | ၀ | ၀ | ၀ | ၀ |

## ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၃၅ | ၁၅ | ၂၀ | ၃၅ |
| မြေယာမဲ့ | ၅၀ | ၅၀ | ၆၀ | ၁၁၀ |
| မသန်စွမ်း | ၇ | ၃ | ၄ | ၇ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကြက်၊ဘဲ | ဈေးဆိုင် | ရေလုပ်ငန်း |
| | ဝက် | ဂဏန်းရောင်း | နိုင်ငံခြားသွား |
| | ဆိတ် | ပုဇွန်ရောင်း | |

## ၆။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | ဥယျာဉ်မြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၀ဧက | - | - | မရှိ | -/၄ | ၁ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ရိတ်/ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၁ | ၂ | - | ၁ | ၁ | ၄ |

## ၇။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ


| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | ထွန် | ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | - | - | - | - | - |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | လယ်ထွန်စက် |
| အရေအတွက် | ၅၀ | ၃၀ | ၁၀၀ | ၁၀၀ | - |

## ၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုရေးနှင့် အရင်းအမြစ်ပြမြေပုံ | ၉-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၃၁ | ၅၅ | ၈၆ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်းရေကန်များ၊သစ်တောများ |
| ၂ | ရာသီခွင်ပြပြက္ခဒိန် | ၉-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၁၅ | ၂၇ | ၄၂ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ဥစ္စာဓနကြွယ်ဝမှုအဆင့် သတ်မှတ်ချက် | ၉-၁၁-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါးအုပ်စုများ | ၁၆ | ၂၃ | ၃၉ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၄ | ဗင်းပုံစံ သတ်မှတ်ချက် | ၉-၁၁-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာလူထု | ၁၇ | ၁၄ | ၃၁ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၅ | ပင့်ကူအိမ် သုံးသပ်ချက် | ၉-၁၁-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၆ | ၉ | ၁၅ | အမျိုးသားများနှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၆ | ပိုင်ဆိုင်မှု သုံးသပ်ခြင်း | ၉-၁၁-၂၀၁၇ | ရပ်မိရပ်ဖ၊ ကျေးရွာစေတနာ့ဝန်ထမ်း | ၁၆ | ၂၃ | ၃၉ | ကျေးရွာတွင်းရှိ ပိုင်ဆိုင်ထားသော အရင်းအမြစ်များအားသိရှိခြင်း |

## ၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ် ချက်များ

### ၁။ လူမှုရေးနှင့်အရင်းအမြစ်ပြမြေပုံ သုံးသပ်ချက်။





**သုံးသပ်ချက်**

ရွှေပြည်သစ်ကျေးရွာတွင် အိမ်ခြေ ၂၅၂ အိမ်ရှိပါသည်။ ရွာ၏မြောက်ဘက်တွင် အရှေ့အနောက် သွယ်တန်းလျက်ရှိသော မြေနီတာကြီးရှိပါသည်။ ရွာ၏ အရှေ့ဘက် ရွာနယ်နမိတ်တွင် ပင်လယ်မှလာသော ချောင်းမကြီးရှိပါသည်။ ရွာ၏ အနောက်ဘက်ရွာနယ်နမိတ်တွင် သံစည်ချောင်း ရပ်ကွက်လေးရှိပြီး ၄င်းရပ်ကွက်လေး၏ အနောက်ဘက်ချောင်းလေးသည် ရွာအနောက်ဘက် နယ်နမိတ်ဖြစ်ပါသည်။ ကျေးရွာတွင် သောက်သုံးရေကန် ၄ ကန်ရှိပါသည်။ သောက်သုံးရေကန်များသည် ခြံစည်းရိုးများမရှိခြင်းကြောင့် ရေကန်သန့်ရှင်းရန်အတွက် ရေကန်ခြံစည်းရိုးလိုအပ်နေပါသည်။ ကျေးရွာတွင် ကလေးများနှင့်ရွာသားများကျန်းမာသန်စွမ်းရန်အတွက် ဆော့ကစားရန် ဘောလုံးကွင်းလည်းရှိပါသည်။ ကျေးရွာ လူထုအား အုပ်ချုပ်စီမံခန့်ခွဲနိုင်ရန်အတွက် အုပ်ချုပ်ရေးမှူးရုံးလည်းရှိပါသည်။ ကျေးရွာတွင်းလမ်းများသည် တာလမ်းများဖြစ်သောကြောင့် မိုးရာသီတွင် သွားလာရာတွင် အဆင်ပြေမှုမရှိပါ။ ယခုအချိန်တွင်

လူထုဗဟိုပြုစီမံကိန်း(ပထမနှစ်စက်ဝန်း)၌ အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ရွာတွင်းလမ်းများ ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကြောင့် ရွာတွင်းရှိလမ်းအချို့မှာ အဆင်ပြေပြေသွားလာနိုင်နေပြီဖြစ်သည်။ ကျေးရွာ၏တောင်ဘက်နှင့် အရှေ့တောင်ဘက်သို့ထွက်ရန်အတွက် ဆောက်ထားသော တံတားများသည်လည်း ပြန်လည်ပြုပြင်ရန် လိုအပ်ပါသည်။ ကျေးရွာ၏ အလယ်တွင် သောက်သုံးရေလုံလောက်ရန်အတွက် စက်ရေတွင်း ၁တွင်းရှိပါသည်။ ကျေးရွာနှင့် သံစည်ချောင်းရပ်ကွက်၏ အလယ်တွင် လယ်ယာမြေများရှိပါသည်။ ကျေးရွာ၏ တောင်ဘက် တွင် ပုဇွန်ကန်များရှိပြီး ပုဇွန်ကန်များ၏ တောင်ဘက်တွင် မုတ္တမ ပင်လယ်ကွေ့ရှိပါသည်။

## ၂။ ဥစ္စာဓနကြွယ်ဝမှုအဆင့်သတ်မှတ်ချက်။



ရွှေပြည်သာစီ+ သံစည်ချောင်းကျေးရွာ

ဥစ္စာဓနကြွယ်မှုအလား

၉.၁၁.၂၀၁၇


| အဆင့် | သတ်မှတ်ချက် | အိမ်ထောင်စုအရေအတွက် | ရာခိုင်နှုန်း |
|---|---|---|---|
| ချမ်းသာ | လယ်ယာမြေ၊ စက်လှေပိုင်၊ ဆိုက်ကိုင်၊ ချေးငှား (၂၀) ဧက(၄၀) ဆိုင်ကယ်၊ တိုက်၊ လယ်ယာသုံးစက်ပစ္စည်း | ၇ | ၂.၃% |
| အလယ်အလတ် | လယ်ယာမြေ၊ လှေပိုင်၊ ဆိုက်ကိုင်၊ ချေးငှား ဧက (၂၀) ဆိုင်ကယ် | ၆၀ | ၁၉.၃% |
| ဆင်းရဲ | လက်လုပ်လက်စား၊ အိုး အိမ်ရှိ | ၂၁၃ | ၆၈.၇% |
| အလွန်ဆင်းရဲ | မြေမဲ့၊ ယာမဲ့၊ အိုးအိမ်မဲ့ | ၃၀ | ၉.၇% |
| | စုစုပေါင်း | ၃၁၀ | ၁၀၀.၀% |

**သုံးသပ်ချက်**

ရွှေပြည်သစ်ကျေးရွာတွင် ချမ်းသာ၊ အလယ်အလယ်၊ နွမ်းပါး၊ အလွန်နွမ်းပါး ဟုလူမှုစီးပွားအဆင့်သုံးဆင့် ၄ ဆင့်နှင့် သတ်မှတ်ထားပါသည်။ ချမ်းသာသော အဆင့်တွင် အိမ်ထောင်စု (၇)စုရှိပြီး ရာခိုင်နှုန်းအနေဖြင့် (၂.၃%) ရှိပြီး ၎င်းတို့ပိုင်ဆိုင်ထားသော အရင်းအမြစ်များမှာ လယ်ယာမြေ ၂၀ မှ ၄၀ ၊ဆိုင်ကယ် တီဗွီ၊ စက်လှေ၊ပိုက်၊ ဈေးရောင်း၊ လယ်ယာသုံးစက်ပစ္စည်း တို့ပိုင်ဆိုင်ထားပါသည်။ အလယ်အလတ်အဆင့်ရှိသော အိမ်ထောင်စုများမှာ (၆၀)ရှိပြီး ရာခိုင်နှုန်းမှာ (၁၉.၃%) ရှိပြီး ၎င်းအိမ်ထောင်စုများပိုင်ဆိုင်ထားသော အရင်းအမြစ်များမှာ လယ်ယာမြေ (၂၀)ဧက ၊ လှေ၊ ပိုက်၊ ဈေးရောင်း၊ ဆိုင်ကယ် တို့ကို ပိုင်ဆိုင်ထားပါသည်။ နွမ်းပါးသောအိမ်ထောင်စုများမှာ (၂၁၃)စုရှိပြီး ရာခိုင်နှုန်းအားဖြင့် (၆၈.၇%) ရှိပါသည်။ ထိုမိသားစုများပိုင်ဆိုင်ထားသော အရင်းအမြစ်များမှာ အိုးအိမ်ရှိပြီး လက်လုပ်လက်စား အလုပ်သမားများဖြစ်ကြပါသည်။ အလွန်နွမ်းပါးသော အိမ်ထောင်စုများမှာ (၃၀)စုရှိပြီး ရာခိုင်နှုန်းအားဖြင့် (၉.၇%) ရှိပါသည်။ ၎င်းအိမ်ထောင်စုများသည် အိုးအိမ်မဲ့များဖြစ်ကြပြီး မြေယာမဲ့များဖြစ်ကြပါသည်။

အလွန်နွမ်းပါးရခြင်းမှာ ရင်းနှီးမြုပ်နှံမှုပြုလုပ်ရန်အတွက် အရင်းအနှီးမရှိခြင်း၊ ကြွေးမြီးများထူခြင်း၊ လုပ်အားခ ကြိုတင်ထုတ်ခြင်း ၊ ရင်းနှီးလုပ်စားရန် မြေယာမရှိခြင်း၊ အလုပ်အကိုင် အတည်တကျမရှိခြင်း ၊ လုပ်ကိုင်စားသောက်ရန် လက်မှုအတတ်ပညာမရှိခြင်း၊ အလုပ်အကိုင်ရှားပါးခြင်းတို့ကြောင့်ဖြစ်ပါသည်။

၃။ ပိုင်ဆိုင်မှုသုံးသပ်ခြင်း




**သုံးသပ်ချက်**

**ထိန်းချုပ်မှု** ရွှေပြည်သစ်ကျေးရွာတွင်ရှိသော အရင်းအမြစ်များဖြစ်သည် အိမ်၊ စေတီ၊ တံတား၊ စာသင်ကျောင်း၊ ဘုန်းတော်ကြီးကျောင်း၊ လှေ၊ ဘောလုံးကွင်း၊ လယ်ယာမြေ စက် စသည်တို့ကို အမျိုးသားများက ထိန်းချုပ်ထားပါသည်။ အပ်ချုပ်စက်နှင့် ပိုက်ကို အမျိုးသမီးများက ထိန်းချုပ်ထားပါသည်။ လမ်းများ၊ ရေကန်များကို အမျိုးသား/သမီးနှစ်ဦးလုံးမှာ ထိန်ချုပ်ထားပါသည်။

**အသုံးပြုမှု** ကျေးရွာ အရင်းအမြစ်များဖြစ်ကြသော ပိုက်၊ လယ်ယာမြေ၊ ဘောလုံးကွင်း၊ လှေ၊ စက်တို့ကို အမျိုးသားမှ အသုံးပြုလျှက်ရှိပြီး ရေကန်၊ အပ်ချုပ်စက်စသည့် အရင်းအမြစ်များကို အမျိုးသမီးများမှ အသုံးပြုလျှက်ရှိပါသည်။ အမျိုးသားနှင့် အမျိုးသမီးများ နှစ်ဦးလုံးအသုံးပြုသော အရင်းအမြစ်များမှာ ဘုန်းကြီးကျောင်း၊ စာသင်ကျောင်း၊ လမ်း၊ တံတား၊စေတီ၊ အိမ် စသည်တို့ဖြစ်ပါသည်။

## ၄။ ရာသီခွင်ပြ ပြက္ခဒိန် နှင့် သုံးသပ်ချက်။



**သုံးသပ်ချက်**

**တံငါလုပ်ငန်း** တံငါလုပ်ငန်းကို တော်သလင်းလမှ တပို့တွဲလထိ အများဆုံးလုပ်ကိုင်ကြသည်။ ၄င်းတို့မှာ ပုဇွန် ပိုက်၊ ရေချိုပိုက်၊ သုံးထပ်ပိုက်၊ ကျားပိုက်၊ ဗဝင်းပိုက်၊ ဗိုင်းပိုက်၊ ကာဇာဗိုင်ပိုက်၊ ကကတစ်ပိုက်၊ ကာဘီလူးပိုက်၊ ငါးသလောက်စိန်ပိုက်၊ ကကတစ်တိုင်ထောင်ပိုက် စသည်ဖြင့် ငါးဖမ်းလုပ်ငန်းများ လုပ်ကိုင်ကြပါသည်။

**စိုက်ပျိုးရေး** စိုက်ပျိုးရေးအနေဖြင့် ဆန်စပါးစိုက်ပျိုးရေးကို နယုန်လတွင်ထွန်ယက်ပြီး ဝါဆိုလမှ သီတင်းကျွတ်လအထိစိုက်ပျိုးရိတ်သိမ်းကြပါသည်။ ပဲကို နတ်တော်လမှ ထွန်ယက်စိုက်ပျိုးကြ ပြီးတပို့တွဲလတွင် ပဲခူးကြသည်။

**မွေးမြူရေး** တစ်နှစ်ပတ်လုံး ကြက်၊ ဝက်၊ ဘဲ၊ ဆိတ် စသည်တို့ကို တနိုင်တပိုင်မွေးမြူကြပါသည်။

**အလုပ်အကိုင်** တန်ခူးလမှ ဝါဆိုလထိ အလုပ်အားလပ်သည်။ ဝါခေါင်လမှ တပေါင်းလထိ စပါး၊ပဲ ၊ ပဲ ၊ ပင်လယ်ငါးဖမ်းများလုပ်ကိုင်ကြသောကြောင့် အလုပ်များသည်။

**ဝင်ငွေ/ထွက်ငွေ** တော်သလင်းလမှ တပို့တွဲလထိ ငါးများ၊ ပုဇွန်များ၊ စပါး၊ ပဲ ၊ ရရှိသောကြောင့် ဝင်ငွေများသည်။ ကျန်လများတွင် ဝင်ငွေနည်းပြီး ထွက်ငွေနည်းသည်။

**လမ်းပန်းဆက်သွယ်ရေး** ကဆုန်လမှ သီတင်ကျွတ်လထိ မိုးရာသီဖြစ်သောကြောင့် လမ်းများသည် မြေသားလမ်း များဖြစ်ပြီး ပွင့်လင်းရာသီတွင် ဖုန်ထ၍ မိုးသုံးရာသီတွင် ရွှံ့ဗွက်များထပြီး သွားရေးလာရေး ခက်ခဲပါသည်။ တော်သလင်းလမှ တန်ခူးလထိ ပွင့်လင်းရာသီဖြစ်သော ရာသီဥတု ဖြစ်သောကြောင့် သွားလာရာလွယ်ကူပါသည်။

**ကျန်မာရေး** ကဆုန်လမှ တော်သလင်းလများတွင် မိုးရာသီဖြစ်သောကြောင့် ဝမ်းပျက်ဝမ်းလျှော ရောဂါနှင့် ဖျားနာခြင်းများရှိသောကြောင့် ထိုကာလများတွင် ကျန်းမာရေးမကောင်းပါ။


**သဘာဝဘေးအန္တရာယ်** ကဆုန်လနှင့် နယုန်လများတွင်ပင်လယ်ပြင်နှင့်နီးသောကြောင့် လေပြင်းများ တိုက်ခိုက်လေ့ရှိပြီး ရေကြီးလေ့ရှိပါသည်။ တစ်ခါတရံ ကဆုန်လမှ သီတင်းကျွတ်လထိ လေပြင်းများတိုက်ခိုက်လေ့ရှိပြီး မိုးသက်လေပြင်းများကျလေ့ရှိပါသည်။

**အားလပ်ချိန်** ဝါဆိုလမှ တပို့တွဲလထိ စပါးစိုက်ပျိုးခြင်း ၊ ငါးဖမ်းလုပ်ငန်းများလုပ်ကိုင်ခြင်း၊ ပဲများစိုက်ပျိုးခြင်းတို့ကြောင့် အလုပ်မအားလပ်ပါ။ တပို့တွဲလမှ နယုန်လထိ လုပ်ငန်းကိုင်ငန်း အားလပ်ပါသည်။

**ရေဖူလုံမှု** ဝါဆိုလမှ တပို့တွဲလထိ သောက်ရေသုံးရေ ဖူလုံမှုရှိပြီး ကျန်လများဖြစ်သော တပေါင်းလ၊ တခူးလ၊ ကဆုန်လ၊ နယုန်လများတွင် နွေရာသီဖြစ်ပြီး ပူပြင်းသောကြောင့် သောက်ရေ၊ သုံးရေများ လုံလောက်မှုမရှိပါ။

**အစာရေစာဖူလုံမှု** အစာရေရေစာဖူလုံမှုတွင် တပေါင်း၊ တခူးလမှ ဝါခေါင်လထိ ကြပ်တည်းကြသည်။ အကြောင်းမှာ အလုပ်အကိုင်ရှားပါးပြီး ရေဖူလုံမှုများမရှိသောကြောင့် မိုးလေကျလာခါ ရိတ်ခါများ ပြတ်လတ်၍ ကြပ်တည်းကြသည်။

### ၅။ ပင့်ကူအိမ် သုံးသပ်ချက်။



**သုံးသပ်ချက်**

**သာရေးနာရေး** - အမျိုးသားများသည် သာရေးနာရေးတွင် အားသာလျှက်ရှိပြီး အမျိုးသမီးများသည် အမျိုးသားများထက် ပါဝင်ဆောင်ရွက်မှု အားနည်းကြပါသည်။ အကြောင်းမှာ အမျိုးများသည် အိမ်မှုကိစ္စများတွင် အချိန်ပေးရသောကြောင့် အခြားသာရေးနာရေးကိစ္စများတွင် အားနည်းခြင်းဖြစ်သည်။

**ရပ်ကျိုးရွာကျိုး** - အမျိုသားများသည် အမျိုးသမီးများထက် ရပ်ရွာအကျိုးတွင် ပို၍ ပူးပေါင်းဆောင်ရွက်နိုင်သည်ကို တွေ့ရသည်။ အကြောင်းမှာ အမျိုးသမီးများသည် ရှေးရိုးစွဲအစဉ်အလာများနှင့် ဓလေ့ထုံးတမ်းများကြောင့် ပါဝင်ဆောင်ရွက်မှု အားနည်းခြင်းဖြစ်သည်။

**ဦးဆောင်နိုင်မှု** - အမျိုးသမီးများသည် အိမ်ထောင်မှုကိစ္စများ၌သာ အချိန်ကုန်နေရခြင်းကြောင့် ဦးဆောင်နိုင်မှု အပိုင်းတွင် အမျိုးသားများထက် လျော့နည်းနေရခြင်းဖြစ်သည်။

**စီမံခန့်ခွဲမှု** - အမျိုးသမီးများသည် အိမ်ထောင်မှုကိစ္စများတွင်သာ စီမံခန့်ခွဲမှုများ ပြုလုပ်ကြပြီး အခြားသော ပြင်ပကိစ္စများနှင့် ရပ်ရွာအကျိုး၊ ငွေကြေးနှင့် လူမှုစီးပွားရေးကိစ္စများတွင် အမျိုးသားများက ပို၍ အားသာနေသည်ကို တွေ့ရပါသည်။


**အိမ်မှုကိစ္စအပေါ်ဆောင်ရွက်မှု** - အိမ်မှုကိစ္စတွင် အမျိုးသမီးများသည် အမျိုးသားများထက် ရာခိုင်နှုန်းပြည့် အားသာလျှက်ရှိပါသည်။ အကြောင်းမှာ အမျိုးသမီးများသည် မိရိုးဖလာ အစဉ်အလာအရ အိမ်မှုကိစ္စရပ်များ သားရေးသမီးရေးကိစ္စရပ်များကြောင့် အားသာလျှက်ရှိပါသည်။ အမျိုးသားများ သည်လည်း အိမ်မှုကိစ္စရပ်တွင် ပါဝင်ဆောင်ရွက်မှု အားနည်းရခြင်းမှာ ဝင်ငွေရှာရခြင်း ၊ ငါးဖမ်းလုပ်ငန်းများလုပ်ခြင်း၊ စိုက်ပျိုးရေးလုပ်ခြင်း၊ စီးပွားရှာခြင်း တို့ကြောင့် အိမ်မှုကိစ္စရပ်များတွင် မသက်ဆိုင်ဟု အမျိုးသမီးများ၏ အလုပ်ဟု ခွဲခြား သတ်မှတ်ထားခြင်းကြောင့် အိမ်မှုကိစ္စရပ်များအပေါ်ပါဝင်ဆောင်ရွက်မှု အားနည်းရခြင်းဖြစ်ပါသည်။

**စီးပွားရေး** စီးပွားရေးတွင် အမျိုးသမီးများသည် အားနည်းလျှက်ရှိပြီး အမျိုးသားများသည် အနည်းငယ် အားသာလျှက်ရှိပါသည်။ အမျိုးသမီးများ အားနည်းရခြင်းအကြောင်းမှာ အိမ်မှုကိစ္စရပ်များ လုပ်ကိုင်ဆောင်ရွက်ရခြင်းကြောင့် စီးပွားရှာခြင်း ၊ ဝင်ငွေရှာခြင်းတို့တွင် အမျိုးသားများထက် အနည်းငယ် အားနည်းရခြင်းဖြစ်ပါသည်။

**ပညာရေး** ပညာရေးတွင် အမျိုးသားများသည် အမျိုသမီးများထက် ပညာတတ်မြောက်မှုနှုန်း များပါသည်။ အကြောင်းမှာ အမျိုးသားများသည် ပညာရပ်ကို ဆုံးခန်းတိုင်အောင် လေ့လာသင်ယူခွင့်ရခြင်းကြောင့်ဖြစ်ပါသည်။

**ကျန်းမာရေး** - အမျိုးသမီးများသည် အမျိုးသားများထက် ကျန်းမာရေးနှင့် ပတ်သက်သော ဗဟုသုတများ ရှိခြင်း၊ အမျိုးသားများကဲ့သို့ ပင်လယ်ပြင်သို့ထွက်၍ ဝမ်းစာရှာဖွေခြင်းများ မပြုလုပ်ရသောကြောင့် ကျန်းမာရေးတွင် အမျိုးသားများထက်ပို၍ ကောင်းမွန်လျက်ရှိသည်။

### ၆။ ဗင်းပုံစံ သုံးသပ်ချက်။



## သုံးသပ်ချက်

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းဖြစ်သည့် ရပ်မိရပ်ဖ၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့၊ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့၊ အားသစ်မာန်ပရဟိတအဖွဲ့၊ အားကစားအဖွဲ့ တို့သည် ထဲထဲဝင်ဝင် ချိတ်ဆက်လျှက်ရှိပြီး ကျေးရွာအတွင်းရှိ သာရေးနာရေးနှင့်လူမှုရေးကိစ္စရပ်များအား ပရဟိတကိစ္စရပ်များ၊ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းကိစ္စရပ်များ၊ အားကစားနှင့်ပညာရေးကိစ္စရပ်များ တိုးတက်လာအောင် စွမ်းစွမ်းတမံဆောင်ရွက်လျှက်ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့နှင့် နာရေးကူညီမှုအဖွဲ့ တို့သည် အရေးပေါ်ကျန်းမာရေးနှင့် နာရေးကူညီမှု လုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာသားများ၏ ကျန်းမာသန်စွမ်းခြင်း အတွက် အားကစားအဖွဲ့နှင့် အုပ်ချုပ်ရေးအဖွဲ့တို့ ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ အားသစ်မာန်ပရဟိတ အဖွဲ့သည် ရပ်မိရပ်ဖ အဖွဲ့နှင် ချိတ်ဆက်ပြီး အလှူအတန်း၊ အကြွေးအမွေး စသည့် ပရဟိတလုပ်ငန်းများကို လုပ်ဆောင်ကြပါသည်။ ကျေးရွာ၏ သာရေး၊ နာရေး၊ လူမှုရေးကိစ္စရပ်များအားတွင် ဝေယာဝစ္စအဖွဲ့ဝင်များက ဂေါပကအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ၏ လိုအပ်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် လူထုဗဟိုပြုစီမံကိန်းသည် ကျေးရွာလူထုများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာ၏ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာ၏ အရင်းမပျောက်လည်ပတ်ရန်ပုံငွေနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်လည်း မြစိမ်းရောင်အဖွဲ့သည် အုပ်ချုပ်ရေးမှူးနှင့် ချိတ်ဆက် ဆောင်ရွက်လျှက်ရှိပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းဖြစ်သည့် မြို့နယ်ထွေအုပ်ရုံးသည် ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့် ချိတ်ဆက် ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးလက်ဦးစီးဌာနသည် ကျေးရွာအုပ်ချုပ်ရေးပိုင်းနှင့် ကျေးရွာ၏ ဖွံ့ဖြိုးရေး လုပ်ငန်းများအတွက် တိုးတက်ကောင်းမွန်အောင် ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ၏ ပညာရေးတိုးတက်ကောင်းမွန်ရန်အတွက် ပညာရေးဌာနနှင့် ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ချိတ်ဆက် ဆောင်ရွက်လျှက်ရှိပါသည်။ ကျေးရွာ၏ ရင်းနှီးလုပ်ကိုင်ရန်နှင် ငွေကြေးလည်ပတ်ရန်အတွက် ပက်မြန်မာအဖွဲ့နှင့် ကျေးရွာ လူထုတို့ ချိတ်ဆက်ဆောင်ရွက်လျှက်ရှိပါသည်။

**အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း နှင့် စစ်ဆေးရမည့်အချက်များ**

**၁။ အမျိုးသမီးကဏ္ဍ အစည်းအဝေးမှတ်တမ်း**

ကျေးရွာမိတ်ဆက်အစည်းအဝေးပြုလုပ်ရန် ဖိတ်ကြားရာ အစည်းအဝေးတွင် အမျိုးသမီး အချိုးညီစွာ ပါဝင်ရန် အုပ်စုအုပ်ချုပ်ရေးမှူးနှင့် ရွာခွဲခေါင်းဆောင်သို့ ပြောကြားခဲ့ပါသည်။ ပထမအကြိမ် မိတ်ဆက်အစည်းအဝေးတွင် အစည်းအဝေးတိုင်းတွင် အမျိုးသမီးများ အချိုးညီစွာ တက်ရောက်ရန် ပြောကြားခဲ့ပါသည်။ အစည်းအဝေးတိုင်းတွင်လည်း အမျိုးသမီးများမှ ပြောကြားလိုသော အချက်များကို လွတ်လပ်ပွင့်လင်းစွာ ပြောဆိုခွင့်ရှိကြောင်းကိုလည်း ပြောကြားထားပါသည်။ ကျေးရွာအုပ်စုအဆင့်တွင် နှစ်စဉ်ပြုလုပ်သော လုပ်ငန်းများတွင် အမျိုးသမီးများမှ တင်ပြဆောင်းဆိုထားသော လုပ်ငန်းတစ်ခုပါဝင်ရမည် ဖြစ်ကြောင်းကိုလည်း ပြောကြားခဲ့ပါသည်။ လုပ်ငန်းခွဲများ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင်လည်း လူထုလုပ်အားဖြင့် ဆောင်ရွက်သော လုပ်ငန်းများ ဖြစ်ပါက တူညီသော လုပ်ငန်းအတွက် တူညီသော လုပ်အားခများ ပေးချေရမည်ကိုလည်း ပြောကြားခဲ့ပါသည်။ စီမံကိန်း၏ ကဏ္ဍတိုင်းတွင် အမျိုးသမီးများ အခန်းကဏ္ဍကို ထည့်သွင်းထားပြီး အမျိုးသား/ အမျိုးသမီး ခွဲခြားမှုများ မရှိစေရန် ရည်ရွယ်ထားသည်ကို ရှင်းလင်းပြောကြားမှုများ ပြုလုပ်ခဲ့ပါသည်။

အမျိုးသမီးများ၏ ဦးဆောင်နိုင်မှု နှင့် စီမံခန့်ခွဲမှု စွမ်းရည်များ တိုးတက်လာစေရန် အတွက် ကော်မတီများထဲတွင် အမျိုးသမီးများ (၅၀%) ပါဝင်ရမည်ဖြစ်ပါသည်။ ဆပ်ကော်မတီ တစ်ခုတိုင်းတွင်လည်း အနည်းဆုံး အမျိုးသမီး တစ်ဦးပါဝင်ရမည်ဖြစ်ပါသည်။ ကော်မတီထဲတွင် ပါဝင်သော အမျိုးသမီးများသည် တင်ပြဆွေးနွေးမှုများ ပြုလုပ်ခြင်း၊ ဆုံးဖြတ်ချက်များချခြင်း စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ပါသည်။ အမျိုးသားများမှလည်း ပံ့ပိုးကူညီပေးရမည်ဖြစ်သည်။

ဒုတိယအကြိမ်အစည်းအဝေးတွင် အမျိုးသမီးများသည် မိမိတို့၏ လိုအပ်ချက် အခက်အခဲများကို လွတ်လပ်စွာဆွေးနွေးနိုင်ရန်အတွက် အမျိုးသမီးသီးသန့် အုပ်စုများဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခြင်း၊မျှော်မှန်းချက်များ ဖော်ထုတ်ခြင်း ၊ ဖွံ့ဖြိုးရေး ဦးစားပေးလုပ်ငန်းများအားမဲပေး၍ ရွေးချယ်ခြင်း နှင့် စီမံကိန်းလုပ်ငန်းများအားဦးဆောင်ဆောင်ရွက်မည့် ကော်မတီဝင်များအား မဲပေး၍ ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါသည်။

၂။ ကျေးရွာမိတ်ဆက် အစည်းအဝေးတွင်အမျိုးသမီး ကဏ္ဍအတွက် စောင့်ကြည့်စစ်ဆေးရမည့်အချက်များ

မေးမြန်းသည့်ရက်။ ရက်စွဲ - ၉.၁.၂၀၁၈

| စဉ် | အကြောင်းအရာ | တွေ့ရှိချက် √ | တွေ့ရှိချက် X | မှတ်ချက် |
|---|---|---|---|---|
| ၁ | အစည်းအဝေးတက်ရောက်လူသူများအား ကျား၊မ ရေးရာ အခြေခံသဘောတရား များကို ရှင်းလင်းဆွေးနွေးခဲ့ပါသလား။ | √ | | |
| ၂ | စီမံကိန်းတွင် ပါဝင်သော ကျား၊မရေးရာ အကောင်အထည်ဖော်ရေး လိုအပ်ချက် (၅)ချက်ကို ရှင်းလင်းပြခဲ့ပါသလား။ | √ | | |
| ၃ | အစည်းအဝေးများခေါ်ယူရာတွင်အမျိုးသား/သမီးများအချိုးညီစွာတက်ရောက်နိုင်ရေး အတွက် အသိပေးတိုက်တွန်း စည်းရုံးခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၄ | အမျိုးသမီးများ၏ စကားသံများ၊ ပြောဆိုနိုင်ခွင့်များ ပိုမိုထွက်ပေါ်လာအောင် ဖန်တီးပေးခဲ့ပါသလား။ | √ | | |
| ၅ | ဆပ်ကော်မတီဖွဲ့များဖွဲ့စည်းရာတွင်အမျိုးသမီးများနှင့်ပါဝင်ဖွဲ့စည်းရေး၊ပူးပေါင်းပါဝင်ရေး၊ ဦးဆောင်နိုင်ရေးအတွက်တွန်းအားပေးကူညီဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၆ | အစည်းအဝေးကို အမျိုးသား/သမီးများ အလွယ်တကူပါဝင်တက်ရောက်နိုင်သော အချိန်နှင့်နေရာများကိုရွေးချယ်ခြင်း၊ထည့်သွင်းစဉ်းစားဆောင်ရွက်ခြင်းများတို့ကိုလုပ်ဆောင်ခဲ့ပါသလား။ | √ | | |
| ၇ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအုပ်စုများကို အစည်းအဝေးမစတင်မီ အချိန်များက ရှာဖွေဖော်ထုတ်ခဲ့တာမျိုးများ ရှိပါသလား။ | √ | | |
| ၈ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သော အမျိုးသား/သမီးများထဲမှ အချို့ကို အစည်းအဝေးတက်ရောက်နိုင်အောင် ဖိတ်ကြားဆောင်ရွက်မှုမျိုး ရှိခဲ့ပါသလား။ | √ | | |
| ၉ | လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ်သောအမျိုးသား/သမီးများနှင့် ကြုံတွေ့နေရသောအခက် အခဲများကို သင်ဆွေးနွေး မေးမြန်းခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၀ | အမျိုးသမီးများ ပြောဆိုတင်ပြနိုင်အောင် အချိန်ပေးရန်၊ ကြိုတင်စီစဉ်ဆောင် ရွက်မှုမျိုးများ ဆောင်ရွက်ခဲ့တာများ ရှိပါသလား။ | √ | | |
| ၁၁ | စီမံကိန်းလုပ်ငန်းခွဲများရှာဖွေဖော်ထုတ်ရာတွင်အမျိုးသား/သမီးများသီးခြားဆွေးနွေးဖော် ထုတ် ဆောင်ရွက်ခဲ့တာမျိုး ရှိပါသလား။ | √ | | |
| ၁၂ | ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီများဖွဲ့စည်းရာတွင် အမျိုးသမီး၊ အမျိုးသား အချိုးညီမျှစွာ (၅၀ း ၅၀) ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၃ | ဆပ်ကော်မတီများတွင် အနည်းဆုံး အမျိုးသမီးအဖွဲ့ဝင် တစ်ဦးနှုန်းဖြင့် ပါဝင်ဖွဲ့စည်းနိုင်ခဲ့ပါသလား။ **မဖွဲ့စည်းနိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |
| ၁၄ | ကျေးရွာ/ကျေးရွာအုပ်စု ဖွံ့ဖြိုးရေးစီမံချက် များတွင် အမျိုးသမီးများ | √ | | |

| | | | | |
|---|---|---|---|---|
| | ရွေးချယ်ဆုံးဖြတ်သည့်လုပ်ငန်းစီမံချက် အနည်းဆုံးတစ်ခုပါဝင်နိုင်ရေးအတွက် စည်းရုံးဆွေးနွေးမှုများ ပြုလုပ်ဆောင်ရွက်ခဲ့ပါသလား။ | | | |
| ၁၅ | တက်ရောက်လာသူများအား အမျိုးသမီးများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးများရွေးချယ်လိုက်သော ဦးစားပေးရွေးချယ်မှုများကို ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်း အသိပေးပြောကြားခဲ့ပါသလား။ | √ | | |
| ၁၆ | ရွေးချယ်လိုက်သော စီမံကိန်းလုပ်ငန်းခွဲများသည် ဒေသတွင်းမှာရှိသော လူနည်းစု/ဆင်းရဲ/နွမ်းပါး/ထိခိုက်လွယ် အုပ်စုများအပေါ် မည်သို့အကျိုးပြုနိုင်မည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားခြင်း၊ မှတ်တမ်းတင်ခြင်းများတို့ကို ဆောင်ရွက်ခဲ့ပါသလား။ | √ | | |
| ၁၇ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များကို ကျား၊မ ရေးရာလိုအပ်ချက်များ အကြောင်းကိုရှင်းလင်းပြောကြားခဲ့ပါသလား။ | √ | | |
| ၁၈ | ကျေးရွာအုပ်စုအဆင့် အစည်းအဝေးပြုလုပ်ရာတွင် အုပ်စု စီ/ထောက် ကော်မတီဝင်များအားလုံး တက်ရောက်နိုင်မှု ရှိ/မရှိ စစ်ဆေးခဲ့ပါသလား။ **မတက်ရောက်နိုင်ခဲ့ပါက မှတ်ချက်တွင် ရှင်းလင်းပါ။** | √ | | |

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ



**အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ**



**အမျိုးသား အုပ်စု မှတ်တမ်းတင်ဓါတ်ပုံ။**



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီဝင်များ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီမှတ်တမ်းဓါတ်ပုံ

### ၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား/မ | ရာထူး |
|---|---|---|---|
| ၁ | ဦးမြလှိုင် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၂ | ဒေါ်ဝေဝေ | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ခေါင်းဆောင် |
| ၃ | ဦးကျော်ခိုင်ဦး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၄ | ဦးကျော်သီဟထွေး | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိန်း |
| ၅ | ဒေါ်အုန်းမြင့် | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးကျော်ဝင်း | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၇ | ဒေါ်ရွှေစာ | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဦးအေး | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ ခေါင်းဆောင် |
| ၉ | ဒေါ်ဝင်းဝင်းအေး | မ | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၁၀ | ဦးတင်အောင် | ကျား | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၁ | ဒေါ်ဆုပိုပိုဇော် | မ | ဝေဖန်အကြံပြုတိုင်ကြားချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၂ | ဦးစိုးမြင့် | ကျား | စေတနာ့ဝန်ထမ်း |
| ၁၃ | ဒေါ်အေးအေးမြင့် | မ | စေတနာ့ဝန်ထမ်း |
| ၁၄ | ဒေါ်ပိုးပိုးပြည့်စုံ (ခ)နီနီချိုသာ | မ | ကျေးရွာငွေစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်ကျား-၇ ယောက် + မ-၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

၁။ ဦးကျော်ရှိန် — ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၂။ ဒေါ်ယုယုခိုင် — ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ
၃။ ဦးလင်းဦး — ဘဏ္ဍာရေးဆပ်ကော်မတီ၊ ဥက္ကဌ
၄။ ဦးမြလှိုင် — ဘဏ္ဍာရေးဆပ်ကော်မတီ၊ စာရင်းကိုင်
၅။ ဒေါ်ဝင်းဝင်းဆင့် — ဘဏ္ဍာရေးဆပ်ကော်မတီ၊ အဖွဲ့ဝင်
၆။ ဒေါ်ခင်သန္တာမြင့် — ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်
၇။ ဦးကျော်သင်း — ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်
၈။ ဒေါ်ဝေဝေမာ — ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ**
**အမည် - ဦးထက်နိုင်ဦး**
**ရာထူး - လူထုစည်းရုံးရေးမှူး**
**ရက်စွဲ - ၉.၁.၂၀၁၈**

## ၉။ ပုံစံ စ - ၁ ကျေးရွာအခြေခံ အချက်အလက်များ

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

| | | |
|---|---|---|
| *လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းအဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းအဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။ | | |
| ကျေးရွာခေါင်းဆောင် အမည် [illegible] | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် - 0978 8558 2941 | လူထုစည်းရုံးရေးမှူး၏ အမည် - [illegible] |

| | | | |
|---|---|---|---|
| ပြည်နယ်၊တိုင်းဒေသကြီး [illegible] | မြို့နယ် - [illegible] | ကျေးရွာအုပ်စု - [illegible] | ကျေးရွာ - [illegible] |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ဗမာ | ၂၁၀ | ဘာသာ (၁) ဗုဒ္ဓဘာသာ | ၂၁၀ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | | |
| မသန်စွမ်းသူများ | ၇ | ဗုဒ္ဓဘာသာ | ၇ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၃၅ | ဗုဒ္ဓဘာသာ | ၁၈ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ | ၅၃၁ | ၅၀၉ |
| လူမျိုးစု (၁) ဗမာ | ၅၃၁ | ၅၀၉ |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၁၈၀ | ၃၀ |

(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☐ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☑ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

(ဂ) ကျွမ်းကျင်သူများမှတ်တမ်း  (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | (၂) ကျန်းမားရေး | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | (၃) လက်မှုပညာရှင် | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
|---|---|---|---|---|---|---|---|---|
| မူလတန်းပြဆရာ/မ | ☐ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☑ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☑ |
| အလယ်တန်းပြဆရာ/မ | ☐ | ☐ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☐ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☐ | ☐ | စက်ပြင်ဆရာ | ☑ | ☑ |
| *မှတ်ချက်* | | | *မှတ်ချက်* | | | *မှတ်ချက်* | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

| | | | |
|---|---|---|---|
| ကျောက်ကြမ်းလမ်း | ကတ္တရာလမ်း | ကွန်ကရစ်လမ်း ✓ | မော်တော်ဆိုင်ကယ်လမ်း |
| ကျောက်ခင်းလမ်း | မြေသားလမ်း | လူသွားလမ်း | အခြား ______________ |

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက် — ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? — ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? — နှစ်--------/မသိပါ

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? — ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? — မိုင်-1.2--/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာ တွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---၁၀ မိနစ်--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင် ✓/လှည်း/မော်တော်ဘုတ်/
အခြား -------------------

မိုးရာသီတွင်ကြာချိန်---------၄၀ မိနစ်------- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင် ✓/လှည်း/မော်တော်ဘုတ်/
အခြား -------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---------- နာဂစ်မုန်တိုင်း၊ ရေကြီးခြင်း၊ ရေကြီးခြင်း

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) ---[illegible] အဖွဲ့ (၃) [illegible] အဖွဲ့ (၅) [illegible] အဖွဲ့

(၂) ---[illegible] အဖွဲ့ (၄) နာရေးကူညီရေးအဖွဲ့ (၆) [illegible] အဖွဲ့

(ဈ) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

ကျေးရွာခေါင်းဆောင် အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 10.10.17.

လူထုစည်းရုံးရေးမှူး အမည် [illegible]

လက်မှတ် [signature] နေ့စွဲ 10.10.17.

## ၁၀။ ပုံစံ စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်များ

ပုံစံ - စ- ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် ( Form PC 3 )

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်၊ အဆင့် ( ၃ ) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသည့်အခါ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူး အကူအညီဖြင့် ဤပုံစံကို ပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူးအမည် / ဝန်ထမ်းအမည် - ဦးထက်နိုင်ဦး | | | |
| နေ့စွဲ 1.12.17. | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း ( ၁ ) ☑ စက်ဝန်း ( ၂ ) ☐ စက်ဝန်း ( ၃ ) ☐ စက်ဝန်း ( ၄ ) | | |
| ပြည်နယ် / တိုင်း -ရန်ကုန် | မြို့နယ် -ကော့မှူး | ကျေးရွာအုပ်စု -ကုလားတန်း | ကျေးရွာ ရွှေပြည်သစ် |

က။ အခက်အခဲအတားအဆီးများအား ဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတတ်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ ( အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ( ၅ )ခုစီဖော်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ | | အမျိုးသားအဖွဲ့မှ တင်ပြသော အခက်အခဲအတားအဆီးများ |
|---|---|---|---|
| ၁ | ဆိုလာမီး၊ လျှပ်စစ်မီး ရရှိရန် အခက်အခဲရှိပါသည် | ၁ | မူကြိုကျောင်း ပြုပြင်တည်ဆောက်ရန် အခက်အခဲရှိသည်။ |
| ၂ | အားကစားကွင်းများ ပြုပြင်ရန် အခက်အခဲရှိသည် | ၂ | လျှပ်စစ်မီးများ ရရှိရန် အခက်အခဲရှိသည်။ |
| ၃ | ကျေးရွာတွင်းလမ်းများ သွားလာရ အခက်အခဲရှိသည် | ၃ | ကျေးရွာတွင်း လမ်းများ ပြုပြင်ရန် အခက်အခဲရှိသည်။ |
| ၄ | စာသင်ကျောင်း ပြုပြင်ရန် အခက်အခဲရှိသည်။ | ၄ | စာသင်ကျောင်း၊ ဓာတ်ခွဲတိုက်၊ ဆေးပေးခန်း ဆောက်ရန် အခက်အခဲရှိသည်။ |
| ၅ | တံတားနှင့် ဘိုးဘွားရိပ်သာ အခြားအဆောက်အအုံ ပြုပြင်ရန် အခက်အခဲရှိပါသည်။ | ၅ | တံတားများ ပြုပြင်တည်ဆောက်ရန် အခက်အခဲရှိသည်။ |

ခ။ မျှော်မှန်းခြင်း - နောက်လာမည့် ( ၅ )နှစ်အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များအား တင်ပြပါ။

| | အမျိုးသားအဖွဲ့မှ တင်ပြသော မျှော်မှန်းချက်များ | | အမျိုးသားအဖွဲ့မှ မျှော်မှန်းချက်များ |
|---|---|---|---|
| ၁ | သောက်ရေကန် ခြံစည်းရိုးများ ကောင်းမွန်လာစေချင်ပါသည်။ | ၁ | သောက်ရေကန် ခြံစည်းရိုးများ ကောင်းမွန်လာစေချင်ပါသည်။ |
| ၂ | ကောင်းမွန်သော စာသင်ကျောင်းများ ဘိုးဘွားကျောင်းများ ကောင်းမွန်လာစေချင်ပါသည်။ | ၂ | ကောင်းမွန်သော စာသင်ကျောင်းများ ပြုပြင်ပြီး ကောင်းလာချင်ပါသည် |
| ၃ | ဆေးပေးခန်းနှင့် ဓာတ်ခွဲတိုက်များ ရှိလာစေချင်ပါသည်။ | ၃ | ဆေးပေးခန်း၊ ဓာတ်ခွဲတိုက်၊ လျှပ်စစ်မီးများ ရှိလာစေချင်ပါသည်။ |
| ၄ | ဘိုးဘွားရိပ်သာများ ရှိလာစေချင်ပါသည်။ အားကစားကွင်းများ | ၄ | ကျေးရွာတွင်းရှိ တံတားများ ကောင်းမွန်လာစေချင်ပါသည်။ |
| ၅ | ကောင်းလာစေချင်ပါသည်။ တံတားများ၊ လမ်းများ၊ လျှပ်စစ်မီးများလည်း ရှိလာစေချင်ပါသည်။ | ၅ | ကျေးရွာတွင်း လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေချင်ပါသည်။ |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှုလုပ်ငန်းအစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတတ်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းအရေအတွက် |
|---|---|---|---|---|
| ၁။ | ရွာတွင်းလမ်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | 11540,980 | ၁၀၅၂ ယောက် |
| ၂။ | ဆိုလာမီး၊ မီးစက်မီး | အမျိုးသား + အမျိုးသမီး | 9,500,000 | ၁၀၅၂ ယောက် |
| ၃။ | သောက်ရေကန် ခြံစည်းရိုး | အမျိုးသား + အမျိုးသမီး | 4,500,000 | ၁၀၅၂ ယောက် |
| ၄။ | တံတား ပြုပြင်တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | 12,500,000 | ၁၀၅၂ ယောက် |
| ၅။ | ဆေးပေးခန်း တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | 8,500,000 | ၁၀၅၂ ယောက် |
| ၆။ | ဓာတ်ခွဲတိုက် တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | 8,000,000 | ၁၀၅၂ ယောက် |
| ၇။ | စာသင်ကျောင်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | 7,000,000 | ၁၀၅၂ ယောက် |
| ၈။ | အားကစားကွင်း ပြုပြင်ခြင်း | အမျိုးသား + အမျိုးသမီး | 4,500,000 | ၁၀၅၂ ယောက် |
| ၉။ | လျှပ်စစ်မီး ရရှိရေး | အမျိုးသား + အမျိုးသမီး | 20,000,000 | ၁၀၅၂ ယောက် |

ယ။ လူထုစီမံကိန်း၏ လာမည့် ( ၄ ) နှစ်အတွက် အကျုံးမဝင်သော ဦးစားပေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်း အစီစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေးဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ ( အမျိုးသားများ/ အမျိုးသမီးများ/ အမျိုးသား + အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁။ | ဘုန်းကြီးကျောင်း ပြုပြင်/တည်ဆောက်ခြင်း | အမျိုးသား + အမျိုးသမီး | |
| ၂။ | မြေဖြည့်နှင့် ကျောင်းလမ်း တည်ဆောက်ရေး | အမျိုးသား + အမျိုးသမီး | |
| ၃။ | စက်ချုပ်သင်တန်း | အမျိုးသား + အမျိုးသမီး | |
| ၄။ | စိုက်ပျိုးရေး နှင့် မွေးမြူရေး သင်တန်း | အမျိုးသမီး | |
| ၅။ | အထိုး ပန်းထိုး သင်တန်း | အမျိုးသမီး | |

ခေါင်းဆောင်၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီမှ အတည်ပြုသည်။

အမည်---ဒိုမြနှင်း------ လက်မှတ်------------------------ နေ့စွဲ------၁.၁၂.၁၇------------

နောက်ဆက်တွဲ(၄) ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ်

မူရင်းသည်အား VPSC တွင်ထားရှိရပါမည်။အခြားဌာနများနှင့် ညှိနိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။MIS data အနေဖြင့် သွင်းရန် မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အဦ | ၁ | ရေပြည့်နိုင်[illegible] ဆောက်ရေး | ☑ မ ☑ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | ကော်ချုပ်သင်တန်း | ☐ မ ☐ ကျား | | |
| | ၂ | စိုက်ပျိုးရေးနှင့် မွေးမြူရေးသင်တန်း | ☐ မ ☐ ကျား | | |
| | ၃ | အထိုင်မင်းထိုးသင်တန်း | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ကျန်းမာရေးနှင့် အာဟာရ | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |
| | ၄ | | ☐ မ ☐ ကျား | | |
| | ၅ | | ☐ မ ☐ ကျား | | |
| ပညာရေး | ၁ | | ☐ မ ☐ ကျား | | |
| | ၂ | | ☐ မ ☐ ကျား | | |
| | ၃ | | ☐ မ ☐ ကျား | | |

## ၁၁။ အစည်းဝေးမှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

ကျေးရွာ ---ရွှေပြည်သာကျေးရွာ---

ကျေးရွာအုပ်စု ---ကုလားတန်းကျေးရွာအုပ်စု---

အစည်းအဝေးပြုလုပ်သည့်နေရာ ---ရွှေပြည်သာ ဘုန်းကြီးကျောင်း ဓမ္မာရုံ---

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ---၉.၁၁.၂၀၁၇---

အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ ---ပထမအကြိမ် မိတ်ဆက် အစည်းအဝေး (ဒုတိယနှစ်[illegible])---

---

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၄၉ )ဦး ၊မ ( ၆၆ )ဦး= (၁၁၅) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ လူထုဗဟိုပြုစီမံကိန်း အကြောင်း မိတ်ဆက်ခြင်း၊ ကျေးရွာကော်မတီ ထပ်မံ ရွေးချယ်ခြင်း နှင့် လူမှုဆက်သွယ်မှု ပြုလုပ်ခြင်း

ဆွေးနွေးချက် ။ ။ လူထုဗဟိုပြုစီမံကိန်း ဒုတိယနှစ် ပထမအကြိမ် မိတ်ဆက် အစည်းအဝေးကို ကျေးရွာအုပ်ချုပ်ရေးမှူး ဦးဝင်းမြင့်မှ ကျေးရွာလူထုအား အစည်းအဝေးများတက်ရောက်ရန်နှင့် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရာများတွင် ကျေးရွာလူထုမှ ပူးပေါင်းပါဝင်ရန် ကိုလည်း အဖွင့်အမှာစကားနှင့်တကွ ပြောကြားခဲ့ပါသည်။

ဆွေးနွေးချက် ။ ။ ဆက်လက်၍ လူထုရေးရာ ဦးထက်နိုင်ဦးမှ စီမံကိန်းအကြောင်းအရာများ သဘောတရားများကို မိတ်ဆက်ခဲ့သည်။ စီမံကိန်းသည် ကျေးရွာလူထု၏လိုအပ်ချက်များ ၊ရပိုင်ခွင့်နှင့် အကျိုးရှိမှုများ ၊ကျား-မရေးရာများ ၊သဘာဝပတ်ဝန်းကျင်ဆိုင်ရာကိစ္စရပ်များ အကြောင်းကိုလည်း ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးပြောဆိုခဲ့သည်။ ထို့နောက် လက်တောက်နည်းပညာမှူး ဦးထက်ဝေလင်းမှ စီမံကိန်းကာလ်းတွင် ကျေးရွာလူထုမှ ကြိုတင်ပြင်ဆင်ခြင်း၊ အကောင်အထည်ဖော်ခြင်းများကို ကျေးရွာလူထုနှင့် အပြန်အလှန် ဆွေးနွေးခဲ့သည်။

ဆွေးနွေးချက်။

။ ထို့နောက် လူထုစည်းရုံးရေးမှူး ဦးထက်နိုင်ဦးမှ ကျေးရွာ၏ အဓိက တာဝန်ရှိသူများနှင့် တာဝန်ယူမှုရှိ တာဝန်ခံ မှုတို့ကို နားလည်သဘောပေါက်စေရန် မေးခွန်းများ မေးမြန်း ဖြေရှင်းခြင်း များပြုလုပ်ပြီး အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ဆက်လက်၍ ကျေးရွာစေတနာ့ဝန်ထမ်း များ    သော ဦးသော်ခင်ဖြိုး, ဦးခွဲကိုကိုအောင်နှင့် ဒေါ်ခိုင်သူဇာ တို့သည် နုတ်ထွက် သွားပါသဖြင့် စေတနာ့ဝန်ထမ်းကို ဖြည့်သွင်းရွေးချယ်ခဲ့သည်။ စေတနာ့ဝန်ထမ်း ဖြည့်သည် ရွေးချယ်ရာ ဦးခိုင်မြင့်သန်းမြ (၃၃)မဲ, ဦးမြင့်ဆွေ (၁၁မဲ), ဦးထွန်းဝေ (၁၁)မဲဖြင့် ဦးစိုးမြင့်သန်းမှ စေတနာ့ဝန်ထမ်း ဖြစ်ခဲ့ပါသည်။ စေတနာ့ဝန်ထမ်းကို အများသဘောတူ ဆန္ဒ ဖြင့် လျှို့ဝှက်မဲပေး ရွေးချယ်ခဲ့ပါသည်။ ဆက်လက်၍ ဦးထက်နိုင်ဦးမှ လူမှုဆက်ဆံမှု များ ပြုလုပ်ခြင်း အကြောင်းအရာများကို ဆွေးနွေးခဲ့သည်။ ပူးပေါင်းဆောင်ရွက်မှုများအား ပြုလုပ်ပြီး ကျေးရွာလူထုအား ဖြည့်ဆည်းပေးရန် အကြံပြု ဆွေးနွေး ပြောဆိုခဲ့သည်။ ထို့နောက် အစည်းအဝေး တက်ရောက်လာသူများကို ကျေးဇူးတင်ကြောင်း ပြောကြား၍ အစည်းအဝေးကို ရုပ်သိမ်းခဲ့သည်။

မှတ်တမ်းတင်သူ

(signature)

ဦးထက်နိုင်ဦး

လူထုစည်းရုံးရေးမှူး

(လူထုဖွံ့ဖြိုးရေးစီမံကိန်း)

လူထုဗဟိုပြုစီမံကိန်း

ရန်ကုန်တိုင်းဒေသကြီး၊ကျောက်တန်းမြို့နယ်

<u>ကျေးရွာအစည်းအဝေးမှတ်တမ်း</u>

| | |
|---|---|
| ကျေးရွာ | ရွှေမြည်သစ်ကျေးရွာ |
| ကျေးရွာအုပ်စု | ကုလားတန်းကျေးရွာအုပ်စု |
| အစည်းအဝေးပြုလုပ်သည့်နေရာ | ဘုန်းကြီးကျောင်း ဓမ္မာရုံ |
| အစည်းအဝေးပြုလုပ်သည့်နေ့ရက် | ၉ .၁၁.၂၀၁၇ |
| အစည်းအဝေးပြုလုပ်အသည့်အကြောင်းအရာ | ဒုတိယနှစ်ဆက်တိုက် ဒုတိယအကြိမ် မိတ်ဆက်အစည်းအဝေး |

---

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား ( ၄၉ )ဦး ၊မ ( ၆၆ )ဦး= ( ၁၁၅) ဦး

ရည်ရွယ်ချက်။ ဆွေးနွေးချက်၊ဆုံးဖြတ်ချက်၊သဘောတူညီချက်၊မှတ်တမ်းတင်သူပါဝင်ရမည်။

ရည်ရွယ်ချက် ။ ။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ရွေးချယ်ခြင်းနှင့် ကော်မတီများဖွဲ့စည်းခြင်း

ဆွေးနွေးချက် ။ ။ ဒုတိယနှစ်ဆက်တိုက် ဒုတိယအကြိမ် မိတ်ဆက်အစည်းအဝေးကို ဆက်လက် ကျင်းပရာတွင် ဦးတက်ဝေဝင်းမှ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာ အား ပထမနှစ်ဆက်တိုက်မှ ဦးစားပေးသတ်မှတ်ထားသည့်အတိုင်း အကောင် အထည်ဆက်လက်ဖော်ခြင်းရှိ/မရှိ နှင့် ဦးစားပေးပြန်လည်သတ်မှတ်ရန် လို အပ်မှုရှိ/မရှိ အပြန်အလှန်ဆွေးနွေးခဲ့သည်။ ကျေးရွာလူထုမှ ပထမနှစ်ဆက်တိုက် မှ ဦးစားပေးအစီအစဉ်အတိုင်း ဆက်လက်အကောင်အထည်ဖော်ရန် သဘော တူညီဆုံးဖြတ်ခဲ့ကြသည်။ ဆက်လက်၍ ဦးအောင်နိုင်ဦး (လူထုစည်းရုံးရေးမှူး) မှ ကျေးရွာလူထုကိုယ်တိုင်ဖွဲ့စည်းထားသော ဆပ်ကော်မတီများအား ဆက်လက်တာဝန်ထမ်းရန် ရှိ/မရှိ ဆွေးနွေးမေးမြန်းခဲ့သည်။ ထိုသို့ မေးမြန်းခဲ့ရာမှ စောင့်ကြပ်ရေးကော်မတီမှ ဒေါ်သန္တာဦး၊ လည်ပတ် ထိန်းသိမ်းရေးကော်မတီမှ ဦးကျော်ဝင်းထွေး၊ ဝေဖန်အကဲဖြတ်ဆပ်ကော်မတီ မှ ဦးမိုးကျော်၊ ဝယ်ယူရေးဆပ်ကော်မတီမှ ဦးမင်းသိုက်ဦး၊ ဒေါ်ခင်မာ တို့မှ အသီးသီး အများဆန္ဒရှေ့တွင် နုတ်ထွက်ပါသဖြင့် ထိုဆပ်ကော်မတီ ဝင်များနေရာတွင် အစားထိုးပြန်လည်ရွေးချယ်ခဲ့သည်။

ဆွေးနွေးချက် ။ ။ ဆက်လက်၍ ကော်မတီဝင်များကို ရွေးချယ်အတည်ပြုရာ တောင့်ကြည့်ကြီး
ဆုံးဖြတ်ချက် ကြပ်ရေး ကော်မတီဖြစ် ဒေါ်ဌေးရာ (၆၈)နှစ်, ဒေါ်အုန်းမြင့် (၃၉)နှစ်,
သဘောတူညီချက် ဒေါ်လင်းကြည် (၈၀)နှစ် ဖြင့် ဒေါ်ဌေးရာမှ တောင့်ကြည့်ကြီးကြပ်ရေး ဆပ်ကော်မတီဝင်ဖြစ်သွားခဲ့သည်။ ထို့နောက် လူငယ်ပတ်ဝန်းကျင်ရေးဆပ်ကော်မတီ ရွေးချယ်ရာ ဦးအေး (၆၆)နှစ်၊ ဦးအုန်းကြိုင် (၂၈)နှစ် ဦးဝင်းထွန်း (၂၁)နှစ်ဖြင့် ဦးအေးမှ လူငယ်ပတ်ဝန်းကျင်ရေးဆပ်ကော်မတီဝင်ဖြစ်သွားခဲ့သည်။ ထို့နောက် ဝယ်ယူရေးဆပ်ကော်မတီဝင် ရွေးချယ်ရာ ဦးကျော်သီဟထွေး (၅၈)နှစ်, ဦးတင်အောင် (၂၆)နှစ်, ဦးဝင်းထွန်း (၁၁)နှစ်နှင့် ဒေါ်အုန်းမြင့် (၅၂)နှစ်, ဒေါ်ဝင်းသူ (၃၄)နှစ်, ဒေါ်ဝင်း (၄၀)နှစ် တို့ဖြင့် ဦးကျော်သီဟထွေး နှင့် ဒေါ်အုန်းမြင့်တို့မှ ဝယ်ယူရေးဆပ်ကော်မတီဝင် အဖြစ် သတ်မှတ်ခဲ့ကြသည်။ ငွေရေးအကြံပြု ဆပ်ကော်မတီရွေးချယ်ရာတွင် ဦးတင်အောင် (၅၆)နှစ်, ဦးဝင်းထွန်း (၃၂)နှစ်, ဦးမြင့်သိန်း (၂၇)နှစ်ဖြင့် ဦးတင်အောင်မှ ငွေရေးအကြံပြုဆပ်ကော်မတီဝင်ဖြစ်သွားခဲ့သည်။ ဆပ်ကော်မတီများကို မှန်ကန်မြင်သာမှုရှိစွာ လျှို့ဝှက်မဲပေးရွေးချယ်ခဲ့သည်။ အစည်းအဝေးကို ဦးထက်နိုင်ဦး (လူထုစည်းရုံးရေးမှူး) မှ ကျေးဇူးတင်စကား ပြောကြား၍ ရုပ်သိမ်းပါသည်။

မှတ်ချက် ။ ။ ယခု အစည်းအဝေးတွင် ဆွေးနွေးချက်, ဆုံးဖြတ်ချက်များသည် ကျေးရွာလူထု၏ အများသဘောတူ ဆုံးဖြတ်ချက်များသာဖြစ်သည်။

မှတ်တမ်းတင်သူ

(signature)

ဦးထက်နိုင်ဦး

လူထုစည်းရုံးရေးမှူး

(လူထုဗဟိုပြုစီမံကိန်း)

## ကျေးရွာဖွံ့ဖြိုးရေးစီမံချက်အရည်အသွေးထိန်းချုပ်မှု (Checklist for VDP)

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- VDP ရက်စွဲ-

မြို့နယ်- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ…
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ၊
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ၊